# ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အမိန့်ကို ပြန်လည်သုံးသပ်ခြင်း

## လူငယ်များအတွက် သိကောင်းစရာ အချက်အလက်များ

တစ်စုံတစ်ယောက်က သင့် ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခအတွက် တိုင်တန်းသဖြင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းက သင်နှင့် ပါဝင် ပတ်သက်နေရခြင်း ဖြစ်ပါသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူ (သင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း) က ထို တိုင်တန်းချက်ကို စစ်ဆေးပြီး သင်နှင့် အမှုကိစ္စဆိုင်ရာ အစီအစဉ်တစ်ခု ပြုလုပ်ရန် သင်နှင့် အလုပ်လုပ်နေပါသည်။ ထို အမှုကိစ္စဆိုင်ရာ အစီအစဉ်သည် သင် ဘေးကင်း လုံခြုံစွာရှိနေရေးနှင့် ကောင်းမွန်သည့် စောင့်ရှောက်မှု ရနေရေးအတွက် သေချာစေရန် ပြုလုပ်ထားခြင်း ဖြစ်ပါသည်။ ဤအစီအစဉ် ပြုလုပ်ရေးဆွဲရန်အတွက် သင်သည် ဝန်ထမ်းနှင့် ဆွေးနွေးပြီး သော်လည်းကောင်း သို့မဟုတ် အမှုကိစ္စဆိုင်ရာ အစီအစဉ်အတွက် အစည်းအဝေးကို တက်ပြီး သော်လည်းကောင်း ဖြစ်ပါလိမ့်မည်။

### ကျွန်ုပ်သည် အမှုကိစ္စဆိုင်ရာ အစီအစဉ်၏ ဆုံးဖြတ်ချက်များကို ယခု သို့မဟုတ် မည်သည့်အချိန်တွင်မဆို သဘောမတူပါက ဘာဖြစ်မည်နည်း။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က သင်နှင့်ဆိုင်သော ဆုံးဖြတ်ချက်တစ်ခု ချမှတ်လျှင် သင့်အနေနှင့် ထိုဆုံးဖြတ်ချက်ချသူက သင့်အား ရှင်းပြနိုင်းနိုင်သည့် အခွင့်အရေး ရှိပါသည်။ သင်သည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် ပတ်သက်နေသော ကာလတစ်လျှောက် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ပြန်လည် သုံးသပ်ပေးရန် ပြောဆိုနိုင်သည်။ အကယ်၍ သင်သည် မည်သည့် ဆုံးဖြတ်ချက်အား၊ မည်သည့်အတွက်ကြောင့် ပြင်ဆင်စေလိုကြောင်းနှင့် မည်သို့သော ဆုံးဖြတ်ချက်မျိုး ဖြစ်စေလိုကြောင်း ရှင်းရှင်းလင်းလင်း သိနေလျှင် ဤသို့ ပြန်လည်သုံးသပ်စေခြင်းသည် အကျိုးရှိပါလိမ့်မည်။ သင်က ဤအချက်များကို စာဖြင့်ရေးသား တင်ပြခြင်းအားဖြင့် အထောက်အကူ ဖြစ်စေပါလိမ့်မည်။ သင် ဖြည့်စွက်တင်ပြနိုင်သည့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် တောင်းခံတင်ပြခြင်း 'Request for review of a child protection decision' ဟူသောပုံစံ ရှိပါသည်၊ သို့မဟုတ် သင့်ဝန်ထမ်း သို့မဟုတ် မိတ်ဆွေ သို့မဟုတ် ဆွေမျိုး တစ်ဦးဦးထံမှ ဖြည့်စွက်ရန် အကူအညီ ရယူနိုင်ပါသည်။

သင့် ပြန်လည်သုံးသပ်ပေးရန် တင်ပြချက်ကို ဆုံးဖြတ်ချက်ပေးပြီး ၂၈ ရက်မကျော်လွန်မီ တင်ရန် လိုအပ်ပါသည်။ အချို့သောအမှုများတွင် ပြန်လည် သုံးသပ်ပေးရန် တင်ပြချက်ကို ၂၈ ရက် သတ်မှတ်ချက်ထက်ကျော်ပြီး လက်ခံနိုင်ဘွယ် ရှိပါသည်။ သင့်အနေနှင့် မည်သည့်အတွက်ကြောင့် ၂၈ ရက်အတွင်း ပြန်လည်သုံးသပ်ပေးရန် တင်ပြခြင်း မပြုနိုင်ခဲ့ကြောင်း ခိုင်လုံသော အကြောင်းပြချက် လိုအပ်ပါလိမ့်မည်။ ပြန်လည်သုံးသပ်ခြင်း ပြုမည်၊မပြုမည်ကို အကြီးတန်း ဌာနကြီးအရာရှိတစ်ဦးက နှစ်ပတ်အတွင်း သင့်အား အကြောင်းကြားပါလိမ့်မည်။

- ထိုနောက် ဘာဆက်ဖြစ်မည်နည်း။

  အကယ်၍ ပြန်လည်သုံးသပ်ခြင်း ပြုမည်ဆိုပါက သင် အကြီးတန်း ဌာနကြီးအရာရှိတစ်ဦးနှင့် တွေ့ဆုံရန်အတွက်  သင့်တင်ပြချက်ကို လက်ခံရရှိပြီး စောလျှင်စွာပင် စီစဉ်ပါလိမ့်မည်။ သင့်အနေနှင့် သင့်အား အားပေးကူညီရန်နှင့်၊ သင် မကျေနပ်သည်များ၊ ဖြစ်စေလိုသည်များကို ကူညီရှင်းပြပေးရန် တစ်စုံတစ်ယောက်ကို သင်နှင့်အတူ ပြန်လည်သုံးသပ်ပေးမည့် အစည်းအဝေးသို့ ခေါ်လာနိုင်ပါသည်။

- ပြန်လည်သုံးသပ်ပေးရေးဆိုင်ရာ အစည်းအဝေးတွင် ဘာဖြစ်မည်နည်း။

  အစည်းအဝေးစီစဉ်သူက ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး မည်သည့်အချက်က မှားယွင်းသည်ဟု သင်ယူဆကြောင်းကို မေးပါလိမ့်မည်။ အစည်းအဝေး တက်ရောက်သော အခြားသူများအားလည်း သူတို့၏ ထင်မြင်ယူဆချက်များကို မေးပါလိမ့်မည်။ အစည်းအဝေးစီစဉ်သူက အစည်းအဝေးတွင် ပြောကြသည့် အချက်များအား စဉ်းစားပြီး သင့်အကျိုးစီးပွားအတွက် အကောင်းဆုံး ဖြစ်နိုင်ရာကို ဆုံးဖြတ်ပေးပါလိမ့်မည်။

- ကျွန်ုပ်က မကျေနပ်သေးပါက ဘာဖြစ်မည်နည်း။

  သင့် ဝန်ထမ်းကို ပြောပြသင့်ပါသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ပထမ ပြန်လည်သုံးသပ်ပေးပြီးမှသာ အမှုကိစ္စ အစီအစဉ်ဆိုင်ရာ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရေးအတွက်  သင့်အနေနှင့် Victorian Civil Administrative Tribunal (VCAT) ထံသို့ လျှောက်ထားနိုင်ပါသည်။ သင် ၂၈ ရက်အတွင်း လျှောက်ထားရန် လိုအပ်ပါလိမ့်မည်။

VCAT သည် တရားရုံးနှင့်တူပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းနှင့် မသက်ဆိုင်ပါ။ VCAT ကို 55 King Street, Melbourne, 3000 တွင် ဆက်သွယ်နိုင်ပါသည်၊ သို့မဟုတ် (03) 9628 9755 သို့ ဖုန်းဆက်နိုင်ပါသည်။ လျှောက်ထားပုံ လျှောက်ထားနည်းကို သင့် ဝန်ထမ်းအား မေးမြန်းပါ၊ သို့မဟုတ် VCAT အကြောင်း ရှေ့နေတစ်ဦးကို မေးပါ။

## ကျွန်ုပ်တွင် အခြား စိတ်ပူပန်စရာများ ရှိပါက ဘာလုပ်ရမည်နည်း။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဝန်ထမ်းများက သင်နှင့် အတူအကွ ပူးပေါင်းဆောင်ရွက်ရန် ကြိုးစားပါလိမ့်မည်။ သို့သော် အကယ်၍ သင်သည် အဖွဲ့၏ လုပ်ဆောင်ပုံများအား မကျေနပ်ပါက ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆိုင်များရာ မန်နေဂျာကို ဆက်သွယ်ပါ။

သင်သည် ဖြန်ဖြေရေး အရာရှိ Victorian Ombudsman, Level 9, North Tower, 459 Collins Street, Melbourne 3000 ကိုလည်း (03) 9613 6222 တွင်လည်းကောင်း သို့မဟုတ် အခမဲ့ဖုန်းနံပါတ် 1800 806 314 တွင်လည်းကောင်း ဆက်သွယ်နိုင်ပါသည်။ ဖြန်ဖြေရေး အရာရှိသည် Department of Health and Human Services ကဲ့သို့သော အစိုးရဌာနများနှင့် ပတ်သက်သည့် မကျေနပ်မှုများကို စုံစမ်းစစ်ဆေးနိုင်သည်၊ အခမဲ့နှင့် သီးခြားလွတ်လပ်မှု ရှိသော ဝန်ဆောင်မှုကိုလည်း ပေးပါသည်။

## ကျွန်ုပ်သည် အင်္ဂလိပ်ဘာသာစကားကို နားမလည်ပါက ဘာလုပ်ရမည်နည်း။

အကယ်၍ သင် အင်္ဂလိပ်ဘာသာစကားကို နားမလည်လျှင် သုံးပွင့်ဆိုင် ဆွေးနွေးရန်အတွက် တယ်လီဖုန်းဖြင့် စကားပြန်ဝန်ဆောင်မှုကို 131 450 တွင် ဆက်သွယ်ပေးရန် သင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု ဝန်ထမ်းကို ပြောပါ။

## ဆက်သွယ်ရမည့်သူများ၏ အချက်အလက်များ

ကျွန်ုပ်၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု ဝန်ထမ်း အမည်မှာ - ______________________________

သူ၏ Department of Health and Human Services ရုံး တည်ရှိရာမှာ - ______________________________

သူ့အား ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ - ______________________________

ကျွန်ုပ်၏ အမှုကိစ္စဆိုင်ရာ အစီအစဉ် ရေးဆွဲသူ၏ အမည်မှာ - ______________________________

သူ့အား ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ - ______________________________

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆိုင်များရာ မန်နေဂျာ၏ အမည်မှာ - ______________________________

သူ့အား ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ - ______________________________